| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်းဖြေကြား သည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဦးမျိုးမြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | သစ်တောဂေဟစနစ်မျိုးစုံ (Forest Ecosystem) နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity)ကြွယ်ဝသည့် မြန်မာနိုင်ငံ၏ အမြဲတမ်းသစ်တော နယ်မြေများ (Permanent Forest Estate-PFE) ထာဝစဉ်ဖွံ့ဖြိုး ရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်း ကြောင်း အဆို။ | ၁၄-၁၀-၂၀၁၃ အဋ္ဌမနေ့ အဋ္ဌမပုံမှန် အစည်းအဝေး | ၁၆-၁-၂၀၁၄ ဒုတိယနေ့ | သစ်တော ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် | အတည်ပြု |
| ၂ | ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | နိုင်ငံတော်အနေနှင့် ရာသီဥတုပြောင်းလဲ ဖောက်ပြန်ခြင်း၏ အကျိုး သက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်ရေး အမျိုးသားအဆင့် ကော်မရှင်ကဲ့သို့သော ဝန်ကြီးဌာနပေါင်းစုံ၊ ဘာသာရပ်ဆိုင်ရာ NGO/INGO များ၊ ပညာရှင်များ စုံညီစွာပါဝင်နိုင်မည့် အမျိုးသား အဆင့် အဖွဲ့အစည်းကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ရန်ပုံငွေ သတ်မှတ်လျာထားခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ် ပေါင်းစပ်၍ သတင်းအချက်အလက်နှင့် နည်းပညာ ဖလှယ် ရယူ ခြင်းဖြင့် နှစ်ရှည် အမျိုးသားစီမံကိန်းတစ်ရပ် ချမှတ်ဆောင် ရွက် သွားရန် နိုင်ငံတော်နှင့် ပြည်သူ့အကျိုး မျှော်ကိုး၍ ပြည်ထောင်စု အစိုးရအား တိုက်တွန်း ကြောင်း အဆို။ | ၆-၁၁-၂၀၁၃ (၁၅)ရက် မြောက်နေ့ အဋ္ဌမပုံမှန် အစည်းအဝေး | ၂၀-၁-၂၀၁၄ တတိယနေ့ | ပို့ဆောင်ရေး ဒုတိယဝန်ကြီး ဦးဇင်ယော် | အတည် မပြု |
| ၃ | ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အနာဂတ်မျိုးဆက်သစ် လူငယ်များ၏ အရေးကိစ္စအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့်လူငယ်ဆိုင်ရာကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ်၊ သို့မဟုတ် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှုမရှိသေးသည့်အတွက် လိုအပ်သလို ဖွဲ့စည်း၍ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေး | ၄-၁၁-၂၀၁၃ (၁၄)ရက် မြောက်နေ့ အဋ္ဌမပုံမှန် အစည်းအဝေး | ၂၇-၁-၂၀၁၄ သတ္တမနေ့ | သမ္မတရုံး(၂) ပြည်ထောင်စု ဝန်ကြီး ဦးစိုးမောင် | အတည်ပြု |

| | | | | | | |
|---|---|---|---|---|---|---|
| | | လုပ်ငန်း များကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို။ | | | | |
| ၄ | ဗိုလ်မှူးချုပ် ခင်မောင်အေး အဖွဲ့ဝင် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် | ပင်လယ်ရေကြောင်းဆိုင်ရာအမှုစီရင်ပိုင်ခွင့် (Admiralty or Maritime Jurisdiction) အာဏာအပ်နှင်းနိုင်ရန် ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို လိုအပ်သလို ပြင်ဆင်နိုင်ရေးအတွက်" ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း အဆို။ | ၂၁-၁၀-၂၀၁၃ ဒသမနေ့ အဌမပုံမှန် အစည်းအဝေး | ၂၀-၁-၂၀၁၄ တတိယနေ့ | တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် | အတည်ပြု |